International
Commission
of Jurists

P.O. Box 91
Rue des Bains 33
CH 1211 Geneva 8
Switzerland

t +41 22 979 38 00
f +41 22 979 38 01
www.icj.org

# မြန်မာအစိုးရစေလွှတ်ခဲ့သော စုံစမ်းစစ်ဆေးမှုသည် တရားမျှတမှုသော်လည်းကောင်း၊ တာဝန်ခံမှုသော်လည်းကောင်း ဖြစ်ပေါ်လာစေနိုင်ခြင်း မရှိပါ

၂၀၁၉ခုနှစ်၊ မတ်လ၊ ၁၁ရက်နေ့

မြန်မာနိုင်ငံအစိုးရက ၂၀၁၈ခုနှစ်၊ မေလတွင် ကြေညာပြီး ဇူလိုင်လတွင် တည်ထောင်ခဲ့သော ရခိုင်ပြည်နယ်ဆိုင်ရာ "လွတ်လပ်သောစုံစမ်းရေးကော်မရှင်(Independent Commission of Enquiry, ICOE)"သည် လွတ်လပ်မှုနှင့် ဖြောင့်မတ်မှုဆိုင်ရာ နိုင်ငံတကာ စံနှုန်းများကို ပြည့်မီရန် သို့မဟုတ် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုများမြောက်သော လူ့အခွင့်အရေးချိုး ဖောက်မှုများအတွက် တရားမျှတမှု သို့မဟုတ် တာဝန်ခံမှု ဖြစ်ပေါ်လာအောင် ထိရောက်စွာ အကျိုးပြုရန် ထိုက်သင့်သော မည်သည့်အလားအလာမျှ မပြသပါ။

ICOE အနေဖြင့် ၎င်းနှင့်ထိတွေ့ဆက်ဆံသောပုဂ္ဂိုလ်များကို အကာအကွယ်ပေးလျက် ၎င်း၏ သတင်းအချက်အလက်ကောက်ယူမှုသည် အမှန်တရားကို မည်သို့ဖော်ထုတ်မည် သို့မဟုတ် တာဝန်ခံမှုနှင့် တရားသဖြင့် ပြန်ဖြစ်စေရန် မည်သို့အကျိုးပြုမည်နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုမရှိပါ။ ၎င်းသည် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ဆုံးဖြတ်ချက် ၃၉/၂ အရ သတ်မှတ်ထားသော လိုအပ်ချက်များကိုလည်း မဖြည့်ဆည်းရသေးပါ။

လက်ရှိဆွေးနွေးနေသော ကောင်စီ၏ ဆုံးဖြတ်ချက်တွင် ICOE အပေါ် ပို၍အပြုသဘောဆောင်သော အသိအမှတ်ပြုမှုမျိုးပါဝင်လာအောင် ပြောင်းလဲရန် မည်သည့်ဆောင်ရွက်ချက်မဆို ကျိုးကြောင်းခိုင်လုံမှု အလျှင်းရှိမည်မဟုတ်ပါ။

ထို့ပြင် အစိုးရအနေဖြင့် မုဒိမ်းမှုကျူးလွန်ကြောင်းစွပ်စွဲချက်များအား "အခြေအမြစ်မရှိသော ပြောဆိုချက်များ" အဖြစ်ပယ်ချက်ခဲ့သော ဖေဖော်ဝါရီလတွင် CEDAW ကော်မတီထံပေးပို့သည့် ၎င်း၏ အစီရင်ခံစာအပါအဝင် နိုင်ငံတကာ ဥပဒေအောက်ရှိ ရာဇဝတ်မှုများနှင့်ပတ်သက်၍ ခိုင်လုံသော စွပ်စွဲချက်များကို ဖြေရှင်းပေးလိုစိတ်မရှိသည့်အခြေအနေမှာ ဆက်လက် ဖြစ်ပေါ်နေပါသည်။

၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၂ရက်နေ့တွင် "တစ်ဦးချင်းလူပုဂ္ဂိုလ်များ၊ အုပ်စုများ၊ မျက်မြင်သက်သေများနှင့် ကျူးလွန်ခံခဲ့ရသည်ဟုယူဆရသူများအား ၎င်း၏ တိုင်ကြားမှုများ သို့မဟုတ် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို အထောက်အကူပြုအချက်အလက်များနှင့်သက်သေနှင့်တကွတင်ပြရန်" ဖိတ်ခေါ်ခဲ့သော"တင်ပြမှုများခေါ်ယူခြင်း" အပေါ် International Commission of Jurists (ICJ) အနေဖြင့် ICOE ဥက္ကဋ္ဌအား အောက်တွင်အကျဉ်းချုံးဖော်ပြထားသော မေးခွန်းလေးခုကို စာဖြင့်ရေးသားမေးမြန်းခဲ့ပါသည်-

၁။ ICOE ထံ သတင်းအချက်အလက်များပေးခြင်းအတွက် အကြမ်းဖက်ရန်ခြိမ်းခြောက်မှုများ၊ ဥပဒေကြောင်းအရအရေးယူမှု သို့မဟုတ် အခြားလက်တုံ့ပြန်မှုပုံစံများမှ တိုင်ကြားသူများနှင့် မျက်မြင်သက်သေများအား အကာအကွယ်ပေးရန် အစီအမံများထားရှိထားခြင်း ရှိပါသလား။ တင်ပြလာသော မည့်သည့်အရာများကိုမဆို လျှို့ဝှက်ထားရှိရန်နှင့် မျက်မြင်သက်သေများ မည်သူမည်ဝါဖြစ်ကြောင်း ဖုံးကွယ်ပေးရန်နှင့် ၎င်းတို့၏ ကောင်းမွန်စွာ ရပ်တည်နေထိုင်နိုင်မှုကို အကာအကွယ်ပေးရန် မည်သည့် တိကျသောအစီအမံများကို ဆောင်ရွက်ထားရှိခဲ့ပါသနည်း။

၂။ ကော်မရှင်တွင်ပါဝင်သူများက တာဝန်ခံမှုသည် ၎င်းတို့၏ ရည်ရွယ်ချက်မဟုတ်ကြောင်း ကြေညာချက်များပြုလုပ်ခဲ့ပါသဖြင့် ICOE သည် ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများထံမှ အချက်အလက်များနှင့် သက်သေ အထောက်အထားများ တင်ပြမှုများကို ရယူနေခြင်းနှင့် စပ်လျဉ်းပြီး အဆိုပါ တင်ပြမှုများကို ICOE ၏ ရပ်တည်မှုအရ မည်သို့အသုံးပြုမည်ကို ကျေးဇူးပြု၍ ရှင်းလင်း ပြောပြပါ။

၃။ သင်က တောင်းဆိုသဖြင့် တင်ပြခဲ့ကြသောကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများအပါအဝင် အများပြည်သူ၏ ICOE ၏ ဖြောင့်မတ်မှုနှင့် လွတ်လပ်မှုနှင့်ပတ်သက်၍ ထားရှိသည့် ယုံကြည်မှုအပေါ် သက်ရောက်မှုရှိနိုင်သော အမှန်တကယ် သို့မဟုတ် ထင်မြင်ရသော အကျိုးစီးပွားဆန့်ကျင်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ဆောင်ရွက်ခဲ့သော အစီအမံများနှင့်ပတ်သက်သော အကြောင်းအရာများကို သင် ပြောပြနိုင်ပါသလား။

၄။ ယခင်စုံစမ်းရေးကော်မရှင်များ၏ အကြံပြုချက်များအား အပြည့်အဝ အကောင်အထည်မဖော်ရသေးပါ။ သို့ဖြစ်ပါသဖြင့် ထိရှလွယ်သော ICOE၏ ရည်ရွယ်ချက် သဘောသဘာဝအရ

> အကြံပြုချက်များကို ယခင်ကထက် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် အလားအလာကို တိုးမြှင့်ရန် မည်သည့်အချက်များအား ထည့်သွင်း စဉ်းစားခဲ့ပါသနည်း။

ICOE သည် စာကိုလက်ခံရရှိကြောင်း တရားဝင်အသိအမှတ်ပြုခဲ့သော်လည်း အဆိုပါမေးခွန်းများအား ပြန်လည်ဖြေကြားခဲ့ခြင်းမရှိပါ။ ICOE ထံ အများပြည်သူတင်ပြမှုများပြုလုပ်နိုင်သည့် နောက်ဆုံးရက်ကို ယခုအခါ ကျော်လွန်သွားခဲ့ပြီဖြစ်ပါသည်။ ဤအချိန်တွင် ၎င်း၏ နှုတ်ဆိတ်နေမှုသည် လွတ်လပ်မှု သို့မဟုတ် ပွင့်လင်းမြင်သာမှုကို ပြသရန် ပိုမိုကျယ်ပြန့်စွာ ပျက်ကွက်နေမှု ပြသနေပြီး အကာအကွယ်ပေးရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကိုလည်း ထင်ရှားစေပါသည်။

ကောင်စီကတောင်းဆိုထားခဲ့သည့်အတိုင်း မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေး မစ်ရှင် (UN Independent International Fact Finding Mission) သို့မဟုတ် အထူးကိုယ်စားလှယ် (Special Rapporteur) တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ICOE ၏ စစ်မှန်သောကြိုးပမ်းမှုများကို ICJ အနေဖြင့် မသိရှိပါ။

ICJ အနေဖြင့် မြန်မာနိုင်ငံနှင့်တစ်ကမ္ဘာလုံးတွင် ပြုလုပ်ခဲ့သည့် သုတေသနလေ့လာမှု နှင့် ကြွယ်ဝသောအတွေ့အကြုံ အပေါ် အခြေခံ၍ လည်းကောင်း ၂၀၁၈ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေခဲ့သော ၅-မျက်နှာရှိသည့် ICOE အား ဥပဒေအရ ဆန်းစစ်ခြင်း[1]အရလည်းကောင်း ICOE သည် အစိုးရက ကျောထောက်နောက်ခံပြုသော ယခင် စုံစမ်းစစ်ဆေးမှု များကဲ့သို့ပင် တရားမျှတမှု သို့မဟုတ် တာဝန်ခံမှု ဖြစ်ပေါ်လာအောင် ထိရောက်စွာ အကျိုးပြု နိုင်မည်မဟုတ်ပါ သို့မဟုတ် ဖြစ်ပေါ်လာစေနိုင်မည်မဟုတ်ပါ ဟူသော အမြင် ဆက်လက်ရှိနေပါသည်။

[1] International Commission of Jurists, "New commission of inquiry cannot deliver justice or accountability, international response required," 7 September 2018. https://www.icj.org/myanmar-governments-commission-of-inquiry-cannot-deliver-justice-or-accountability/